မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com Website : www. blc-burma.org

# ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ကို ဖျက်သိမ်းသင့်ကြောင်း နှင့် မေလ(၁၀) ရက်နေ့ ဆန္ဒခံယူပွဲရလာဒ်အား အတည်မပြုသင့်ကြောင်း သဘောထားထုတ်ပြန်ကြေငြာချက်

နအဖ စစ်အုပ်စုသည် မေ (၂၄) ရက်နေ့သို့ ရွှေ့ပြောင်းထားသော မြို့နယ် (၄၇) မြို့နယ်မှ အပ တပြည်လုံးတွင် မဲရုံပေါင်း (၂၅၈၃၇) ရုံ ဖွင့်၍ မေလ (၁၀) ရက်နေ့ ဆန္ဒခံယူပွဲကို ကျင်းပခဲ့သည်။

## မဲရုံများတွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်အချို့

**အတင်းအကြပ် ထောက်ခံမဲပေးစေမှုများ၊**

- NLD အဖွဲ့ချုပ် ဦးဉာဏ်ဝင်း၏ အဆိုအရ မဲရုံအားလုံးနီးပါးမှာ မနက် (၁၁) နာရီကတည်းက ပိတ်သွားခဲ့ကာ မဲရုံမှူးများက မဲမပေးရသေးသော မဲဆန္ဒရှင်တို့၏ အိမ်တို့ကိုယ်တိုင်သွားရောက်၍ မဲပေးသည့် စာရင်းတွင် ပါဝင်ကြောင်း လက်မှတ်ထိုးခိုင်းသည်ဟု ပြောဆိုသည်။[၁]
- သာယာဝတီမြို့နယ် ငဖြူလေး၊ မန်ကျည်းကွင်း၊ တောင်ဇေးရှည်၊ ကိုးမီးနင်း၊ ရေတွင်းကုန်း၊ ကွဲခြံအင်း၊ စတဲ့ ရွာတွေမှာ ကိုယ့်အိမ်ကနေ မဲရုံကိုတောင် မသွားလိုက်ရဘဲ ကြံခိုင်ရေးတွေ၊ ရယကတွေ၊ မဲရုံမှူးတွေက သူတို့ပုံစံနဲ့ သူတို့ မဲရုံထဲမှာ အမှန်ခြစ်ပြီး ထည့်လိုက်ကြတယ် ဟု NLD မြို့နယ် ဥက္ကဋ္ဌ ဦးအောင်မြင့် က ပြောပြခဲ့သည်။[၂]
- အင်အားသုံးပြီး ထောက်ခံမဲမရ၊ ရအောင် လုပ်သွားတဲ့သဘောမျိုးတွေ အများကြီးတွေ့ရတယ်၊ မနိုင်၊ နိုင်အောင် အင်အားသုံးပြီးလုပ်သွားတဲ့ သက်သေအထောက်အထားတွေရထားတဲ့အတွက် ဆန္ဒ ခံယူပွဲဟာ လုံးဝ ပွင့်လင်းမြင်သာမှုမရှိဘူး၊ တရားမျှတမှုမရှိဘူး၊ စည်းရုံးရေးမှူးတွေရဲ့ သတင်းပေးပို့ချက်အရ ဆန္ဒမဲပေးသူတွေ ဆန္ဒမပါဘဲ အမှန်ခြစ်ပြီးသား မဲစာရွက်တွေနဲ့ မဲဆန္ဒရှင်တွေကို မဲထည့်ခိုင်းတယ်၊ (၄) နာရီမှာ ပိတ်ရမယ့် မဲရုံကို (၁၁) နာရီမှာ ပိတ်သွားတဲ့မြို့တွေလည်းရှိတယ်ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် စိုင်းလိတ်က ပြောဆိုခဲ့သည်။[၃]
- အဖွဲ့ချုပ်ဝင်များရဲ့ သတင်းပေးပို့ချက်များအရ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းရေနံချောင်း၊ ဧရာဝတီတိုင်း ကျုံပျော်နှင့် ပုသိမ် ၊ ပဲခူးတိုင်း ဇီးကုန်း၊ နတ်တလင်း၊ ပဲခူးတို့တွင် အတင်းအဓမ္မ ဆန္ဒကို အမှန်ခြစ်ခိုင်းသည်ဟု သိရကြောင်း ပဲခူးတိုင်း သာယာဝတီမြို့မှာ မနက် (၁၁) နာရီကတည်းက မဲရုံအားလုံးကို ပိတ်လိုက်တယ်၊ မဲနောက်ထပ်ပေးချင်ရင် သူတို့ဆီကိုသွားရတယ်၊ သူတို့က နိုင်ငံသားစိစစ်ရေးကဒ် ပြားများ၊ ကျေးရွာဘဏ်စာအုပ်များ၊ သိမ်းထားကြတယ်၊ မဲပေးချင်တဲ့သူက အဲ့ဒီကိုသွားပြီး ထောက်ခံမဲပေးလို့ရှိရင် မှတ်ပုံတင်ဘဏ်စာအုပ်တွေပြန်ပေးတယ်၊ မဲကို လုယူနေတယ်ဟု NLD ဦးဉာဏ်ဝင်း က ပြောဆိုခဲ့သည်။[၄]
- ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်မှာဆိုရင် ထောက်ခံမဲ အမှန်ခြစ်ထားပြီးသား စာရွက်တွေကို မဲရုံစာရေးက မဲဆန္ဒရှင်တွေကို ထုတ်ပေးနေတဲ့အတွက် အဖွဲ့ချုပ်ဘက်က လူတွေကဝင်ရောက်တားဆီးရာကနေ ရုတ်ရုတ်သဲသဲ ဖြစ်ပွားခဲ့တယ်၊ မဲရေတွက်တာကိုကြည့်ဖို့ကြိုးစားတဲ့ အဖွဲ့ချုပ်လူငယ်အနည်းဆုံး (၃) ဦး ဖမ်းဆီးခံရတယ်လို့ တိုက်ကြီးမြို့နယ် ဥက္ကဋ္ဌ ဦးတင်ရှိန် က ပြောပြခဲ့သည်။[၅]

---

[၁] Irrawaddy – May 10 2008

[၂] DVB – May 10 2008 –Aye Naing

[၃] DVB – May 11 2008

[၄] The New Era – May 12, 2008

[၅] DVB - May 11 2008

**ကြိုတင်မဲကောက်ခံမှုများ၊ ကိုယ်စားမဲ ပေးမှုများ၊**

- ကျောက်ပန်းတောင်းမြို့တွင် (၁၀) ရက်မတိုင်ခင်ကတည်းက တစ်အိမ်ဝင် တစ်အိမ်ထွက် ခင်ဗျားတို့ (၁၀) ရက်ကျတော့ အလုပ်ပျက်တယ်၊ ဒီနေ့ပေးလိုက်ပါဆိုပြီး နာမည်လေးနဲ့ လက်မှတ်ကလေးထိုးပေးလိုက်ရပြီးတော့ ရပ်ကွက်ကလူတွေကပဲ အမှန်တွေခြစ်သွားကြတယ်၊ တဘက်သတ်ကြီးပြီးသွားပြီး တချို့နယ်တွေ၊ ရွာတွေမှာဆိုရင် သူကြီးက လာတဲ့လူတိုင်း အမှန်ခြစ်ခိုင်းတယ်၊ လက်ပံပင်ရွာမှာဆိုရင် မိသားစု (၅) ယောက်ရှိရင် အိမ်ထောင်ဦးစီးတစ်ယောက်က (၅) ယောက်စာဆိုပြီး အမှန်ခြစ်သွားတာ မြို့ခံတစ်ဦးက ပြောဆိုသည်။[၆]
- ကြိုတင်မဲပေးမယ့် မိတ်ဆွေတစ်ယောက် ခရီးသွားစရာရှိလို့ဆိုကာ မပေးပါနဲ့တော့တဲ့ ရပ်ကွက်မှာ ခွဲတမ်းပြည့်သွားပြီး၊ မဟာအောင်မြေမြို့နယ်က အမှတ် (၃၄) မူလတန်းကျောင်းမဲရုံမှာတော့ ရပ်ကွက် (၂) ခုက လူတွေမဲပေးစရာမလိုတော့ဘူး၊ ကြိုတင်မဲထည့်လိုက်ပြီ ဆိုပြီးပြောလို့ မိသားစု တချို့မဲ မပေးခဲ့ရဘူးဟု မန္တလေးမြို့ခံတစ်ဦးက ပြောဆိုသည်။[၇]

**မဲရေတွက်မှုများ၊**

- မဲရုံပိတ်တဲ့အချိန်မှာ တော်တော်ကို စိတ်မကောင်းဖြစ်ရတယ်၊ (၄) နာရီထိုးတဲ့အချိန်မှာ ပြည်သူလူထု တစ်ယောက်မှ မရှိစေရ၊ ခြံတံခါးကို ပိတ်တယ်၊ မဲရုံကိုပိတ်တယ်၊ အားလုံးပြန်လာရတယ်၊ အနားမှာရှိတဲ့ လူတွေ တောင်မောင်းထုတ်ခံရတယ်၊ ကြက်ခြေခတ်တဲ့နေရာမှာ နည်းနည်းပါးပါး မညီမညာ ဖြစ်ရင် ပယ်မဲလုပ်လိုက်တယ်ဟု ရခိုင်ပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးသန်းဖေက ပြောပြခဲ့သည်။[၈]

**ခြိမ်းခြောက်မှုများ၊**

- ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ သန်းမြင့်ရွာတွင် မဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ထွေး၊ ကြံ့အဖွဲ့ဝင် ဦးမောင်ကြီး၊ ဆယ်အိမ်မှူး ဦးထွန်းလွင်၊ ဦးရွှေစိ၊ လူငယ်ခေါင်းဆောင် ဦးမောင်စိန် ၊ မောင်သန်းညွန့်၊ မောင်ဝင်းထိန်၊ မောင်သန်းထွန်းတို့က ကြက်ခြေခတ်လျှင် ဒဏ်ငွေ တစ်သိန်းနှင့် ထောင် (၃) နှစ်ချမှတ်မည်ဟု ခြိမ်းခြောက်မှုများပြုလုပ်ခဲ့ကြောင်း၊ မဲရုံမှာလာသမျှလူတွေကို ဦးလှထွန်းနှင့် ဦးမောင်ဆင့်တို့က နေပြီးတော့ လျှို့ဝှက်အခန်းထဲမှာ သူတို့ကိုယ်တိုင်ဝင်ပြီးအမှတ်ခြစ်ပေးတာ အမှန်တွေကြီးပဲခြစ်ပေးတာ ထွန်းလွင်ဦးဆိုတဲ့လူက သူကိုယ်တိုင်ကြည့်ပြီးတော့မှထည့်ဆိုပြီး ရှေ့ကနေပြောတယ်ဟု ရွာသားတစ်ဦးက ပြောဆိုသည်။[၉]
- မတ္တရာမြို့နယ်မှာ "ကန့်ကွက်မဲပေးရင် ထောင် (၃) နှစ်ချမယ်၊ ဒဏ်ငွေ ကျပ်တသိန်းပေးရမယ်" လို့ အာဏာပိုင်များက အသံချဲ့စက်နဲ့ အော်တယ်လို့ အဖွဲ့ချုပ် မတ္တရာမြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်သန်းက ပြောဆိုခဲ့သည်။[၁၀]

## ဥပဒေကြောင်းအရ သုံးသပ်ချက်

၁။ မဲရုံကို ကြိုတင်ပိတ်၍[၁၁] မဲဆန္ဒရှင်တို့၏အိမ်သို့ ကိုယ်တိုင်သွားရောက် အတင်းအဓမ္မ ထောက်ခံခိုင်းခြင်းသည် လျှို့ဝှက်ဆန္ဒပြုခြင်းမဟုတ်[၁၂] သဖြင့် ကော်မရှင်ဥပဒေနှင့် လုပ်ငန်းလမ်းညွှန်များကို ချိုးဖောက်ခြင်းဖြစ်သည်။

၂။ ဆန္ဒခံယူပွဲကျင်းပသည့်နေ့တွင် မိမိနေထိုင်သော ဆန္ဒခံယူပွဲဒေသမှကျော်လွန်၍ ခရီးသွားလာရန်ရှိကြောင်း အကြောင်းကြားလျှင် ကြိုတင်ဆန္ဒမဲပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် နည်းဥပဒေ ပုဒ်မ(၂၀) ကို ချိုးဖောက်၍ကြိုတင်ပြီး အတင်းအဓမ္မ ထောက်ခံမဲပေးစေခိုင်းခြင်းသာဖြစ်သည်။ ကိုယ်စား

---

[၆] The New Era – May 12, 2008

[၇] The New Era – May 12, 2008

[၈] Mizzima New

[၉] Yoma3 – May 11 2008

[၁၀] DVB – May 10 2008 –Aye Naing

[၁၁] မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လမ်းညွှန်အပိုဒ် ၇ (ဂ) (၂၁)

[၁၂] ၁/၂၀၀၈ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ ပုဒ်မ ၁၇

ဆန္ဒမဲ လာရောက်ပေးခြင်းကို ခွင့်ပြုခြင်းသည် ကော်မရှင်မှ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ[၁၃] ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်များ[၁၄] တို့သည် လုပ်ငန်းလမ်းညွှန်များကို ချိုးဖောက်ခြင်းဖြစ်သည်။

၃။ ဆန္ဒမဲရေတွက်မှုကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှ ကြည့်ရှုရန် တောင်းဆိုသော်လည်း မျက်ကွယ်၌ မဲရုံပိတ်ပြီး ရေတွက်ခဲ့ခြင်းသည် (၁/၂၀၀၈) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ ပုဒ်မ ၂၂ (က) (၁) ကို ဆန့်ကျင်ခြင်းဖြစ်သည်။

၄။ မဲရုံမှူးနှင့် အဖွဲ့ဝင်များသည် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် လုပ်ငန်းလမ်းညွှန်[၁၅] ပါအတိုင်း မကျင့်သုံး၊ ဆန္ဒမဲပေးပိုင်ခွင့်အခွင့်အရေးကို ကန့်သတ်ဟန့်တားခြင်းသည် ကော်မရှင်မှ မဲရုံမှူးနှင့် အဖွဲ့ဝင်များ၊[၁၆] ရပ်ကွက်နှင့် ကျေးရွာအုပ်စုလုပ်ငန်းလမ်းညွှန်[၁၇] ကို ချိုးဖောက်ခြင်းဖြစ်သည်။

၅။ ထို့ပြင် မဲရုံအဖွဲ့ဝင်များသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပျက်ပြားစေရန် မဲရုံအတွင်း၌ ဆန္ဒပေးခြင်းကို ဟန့်တားနှောင့်ယှက်ခဲ့ကြခြင်းသည် ( ၁/၂၀၀၈) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ ပုဒ်မ ၂၄ (ဇ) နှင့် ညီညွတ်ခြင်း မရှိပေ။

၆။ ရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သောမဲပေးစနစ်ဖြင့်ဖြစ်စေ ကျင်းပရမည်ဟုပြဋ္ဌာန်းထားသည့် အပြည်ပြည်ဆိုင်လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် ၂၁ (ဂ)[၁၈] ကိုအတိအလင်း ဆန့်ကျင်ခြင်းသာဖြစ်သည်။

၇။ နိုင်ငံတကာစံချိန်စံညွှန်းဖြစ်သည့် လျှို့ဝှက်မဲပေးစနစ်နှင့် လွတ်လပ်စွာမဲပေးသည့်စနစ်မဟုတ်သည့်အပြင် တည်ဆဲကော်မရှင်ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်တို့နှင့်အညီ ကျင်းပခဲ့ခြင်းပင်မရှိပါ၊ လွတ်လပ်၍ တရားမျှတသော ဆန္ဒခံယူပွဲဖြစ်ရန် တစုံတရာ ကြပ်မတ်ဆောင်ရွက်ခြင်းလည်းမရှိ၊ ဥပဒေကိုချိုးဖေါက်သည့် မဲရုံအဖွဲ့ဝင်များနှင့် အားပေးကူညီသူများကို အရေးယူခြင်းလည်းမရှိသည့်အတွက် မတရားမှုများကို မျက်ကွယ်ပြုခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ကို ဥပဒေအရ ဖျက်သိမ်းရန် ကြေညာအပ်ပါသည်။ ထို့ပြင် မတရားမှု၊ မသမာမှု၊ ဖိနှိပ်ချုပ်ချယ်ကန့်သတ်ချက်များဖြင့် ပြုလုပ်ခဲ့သည့် မေလ (၁၀) ရက်နေ့ ဆန္ဒခံယူပွဲရလာဒ်အား ကုလသမဂ္ဂနှင့် နိုင်ငံတကာတို့မှ လုံးဝ အသိအမှတ်မပြုကြရန်ကိုလည်း တိုက်တွန်းအပ်ပါသည်။

**ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့၊**
**မြန်မာနိုင်ငံရှေ့နေများကောင်စီ။**

**နေ့စွဲ – မေလ (၁၅) ၂၀၀၈ ခုနှစ်**

**အသေးစိတ်သိလိုပါလျှင် –**

ဦးမျိုး (တာဝန်ခံ) ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ။ (ဖုန်း– ၀၈၆ ၂၁၆၀၁၀၈)

---

[၁၃] မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လမ်းညွှန်အပိုဒ် ၈ (င)
[၁၄] ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်လုပ်ငန်းလမ်းညွှန် အပိုဒ် ၄၃
[၁၅] မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန် အပိုဒ် ၇ (ဂ) (၁၃) (၁၄)
[၁၆] မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန် အပိုဒ် ၇ (ဂ) ၁၇
[၁၇] ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်လုပ်ငန်းလမ်းညွှန် အပိုဒ် (၃၅) (၃၆) (က) (ဃ)
[၁၈] ပြည်သူ့ဆန္ဒသဘောထားသည် အုပ်ချုပ်ရေးအာဏာ၏ အခြေခံဖြစ်ရမည်။ အဆိုပါဆန္ဒကို အချိန်ကာလပိုင်းခြား၍ ကျင်းပသော စစ်မှန်သည့်ရွေးကောက်ပွဲများဖြင့် ဖော်ထုတ်စေရမည်။ ရွေးကောက်ပွဲများတွင် ပြည်သူအားလုံးသည် ညီမျှသောမဲပေးနိုင်ခွင့်ရှိစေရမည်။ ရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေးစနစ် (သို့) လျှို့ဝှက်မဲပေးစနစ်ကဲ့သို့သော လွတ်လပ်စွာမဲပေးသည့် လုပ်ထုံးလုပ်နည်းများဖြင့်ကျင်းပစေရမည်။